THE WORLD BANK

Working for a World Free of Poverty

NEWS RELEASE

## ကမ္ဘာ့ဘဏ်၏ သတင်းထုတ်ပြန်ချက်

**ရန်ကုန်၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၂ ရက်။** ပြည်တွင်းထုတ် စာနယ်ဇင်းများတွင် ဖော်ပြပါရှိသည့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရက ကမ္ဘာ့ဘဏ်၏ ကြွေးကျန်များ ရှင်းလင်းဆောင်ရွက်မှု သတင်းဖော်ပြချက်များနှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်က သတင်း ထုတ်ပြန်ချက် တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

Mr.Jelson Garcia သည် NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Bank Information Center (BIC) တွင် တာဝန် ထမ်းဆောင်နေသူ တစ်ဦးသာလျှင် ဖြစ်ပြီး ကမ္ဘာ့ဘဏ် (The World Bank) အဖွဲ့အစည်းနှင့် မည်သို့မှ သက်ဆိုင်ခြင်း မရှိသည့်အပြင် ကမ္ဘာ့ဘဏ် (The World Bank) အဖွဲ့အစည်း၏ ကိုယ်စားပြု ပြောရေးဆိုခွင့်ရှိသူတစ်ဦး မဟုတ်ပါ။

ကမ္ဘာ့ဘဏ်၏ ကြွေးကျန်များကို ရှင်းလင်းရန်နှင့် နှစ်ရှည်အတိုးမဲ့ ချေးငွေများကို ပြန်လည်ရယူနိုင်ရန်အတွက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရသည် မဟာဗျူဟာမြောက်သည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ် ဆောင်ရွက်ခဲ့ပါသည်။ ထိုနှစ်ရှည် အတိုးမဲ့ ချေးငွေများကို မြန်မာပြည်သူများ အကျိုးခံစားခွင့် ရရှိနိုင်မည့် ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသုံးပြု သွားမည်ဖြစ်ပါသည်။ ထိုဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံအစိုးရအနေနှင့် စီးပွားရေး ဆိုင်ရာ ဖိအားများ ဖြစ်ပေါ် လာနိုင်သည့် ကာလတွင် ဂရုပြု ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်း၏ ယုံကြည်မှု ရရှိစေမည့် အပေါင်း လက္ခဏာ တစ်ရပ် ဖြစ်ခဲ့ပါသည်။ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများ ချောမွေ့ လွယ်ကူစေရန်နှင့် နိုင်ငံခြား ငွေလဲလှယ်နှုန်းများကို တည်ငြိမ်အောင် စီမံ ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံရပ်ခြား ဘဏ်စာရင်းများ ထားရှိခြင်းသည် နိုင်ငံတော် အစိုးရများ၏ ပုံမှန် လုပ်ငန်း တစ်ရပ်ဟု ကမ္ဘာ့ဘဏ်က ယူဆသည်။


**ဆက်သွယ်ရန်**

ဦးကျော်စိုးလင်း +၉၅ ၁ ၆၅၄၀၂၄ လိုင်းခွဲ ၃၁၀ (ရန်ကုန်)

klynn@worldbank.org

Mr.Paul Risley +66 2 686 8324 (Bangkok)

prisley@worldbank.org